ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်၊ စနေနေ့၊ (10-9-2005) (၄၇၁၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဟာမက် ခါရူဇ်ဇာမန်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ခါရူဇ်ဇာမန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဟာမက် ခါရူဇ်ဇာမန်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၁၀-၉-၂၀၀၅
(စနေနေ့)

အာဟာရအခြေအနေ မြှင့်တင်နိုင်ရေး ပြည်သူတိုင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

မျက်မှောက်ကမ္ဘာ့နိုင်ငံအသီးသီးတွင် အာဟာရပြဿနာ အနည်းနှင့်အများ ကြုံတွေ့ကြရလျက်ရှိသည်။ အာဟာရမျှတမှုနှင့် ဆက်နွှယ်နေသော ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးနှင့်နှလုံးသွေးကြောရောဂါပြဿနာများကို ဖြေရှင်းနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူငါးနှစ်အောက် ကလေးသူငယ်များအနက် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် ဒွန်တွဲနေကြောင်း သိရသည်။

ထို့အပြင် နိုင်ငံ ၁၀၀ ကျော်၌ မီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင်ရေမြေအခြေအနေအရ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုများဖြင့် ရင်ဆိုင်နေကြရသည်။ ဗီတာမင်အေချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပြုနိုင်ရုံမျှမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင် ပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးနေပေသည်။

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာလ ၃ ရက်နေ့က အလုံမြို့နယ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ တန်ဖိုးနည်းအာဟာရပြည့်ဝသည့် အစားအစာများကို ပြသထားပြီး တိုင်းအဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ၊ ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် အစားအစာအချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသောမြို့နယ်များအား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ အာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ပြည်သူများအတွင်း ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံလေ့များ ထွန်းကားလာစေရေး၊ အာဟာရ လွန်ကဲမှုနှင့်နှီးနွယ်နေသည့် အဝလွန်ခြင်းနှင့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးနှင့်နှလုံးသွေးကြောရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ အာဟာရအခြေအနေ တိုးတက်မြင့်မားလာစေရေး စီမံချက်များရေးဆွဲဖော်ဆောင်ရာတွင် အာဟာရ ဓာတ်များပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း၊ အာဟာရဓာတ်ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ပညာပေးခြင်းစသည့် နည်းလမ်းအသွယ်သွယ်ကို အသုံးပြုလျက်ရှိသည်။

အထူးသဖြင့် သွေးအားနည်းရောဂါကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်း၌ နေထိုင်ကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်းလုပ်ငန်းကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းကို ၁၉၉၃ ခုနှစ်မှ စတင်ခဲ့ရာ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီတာမင်အေဆေးလုံးကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးနှင့်တွဲ၍တိုက်ကျွေးခဲ့ရာ မြန်မာနိုင်ငံသည် ဗီတာမင်အေတိုက်ကျွေးခြင်း လွှမ်းခြုံမှု အမြင့်မားဆုံးနိုင်ငံဖြစ်ပေသည်။

နိုင်ငံအတွင်း ပြည်သူတိုင်း အိုင်အိုဒင်းဆားအလုံအလောက် စားသုံးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတိုင်း ကျန်းမာသန်စွမ်းအသက်ရှည်စေရေးအတွက် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးထိန်းသိမ်းခြင်း၊ ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းနှင့် အာဟာရမျှတစွာ စားသုံးတတ်ရေးပညာပေးခြင်းလုပ်ငန်းများကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများမှသည် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်ဆွေ(အငြိမ်းစား)၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အင်းစိန်မြို့နယ်အသင်းနှင့် လှိုင်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုများကို ချီးမြှင့်ရာ တတိယရရှိသော သန်လျင်မြို့နယ် ဘောလုံးအသင်း၊ ဒုတိယရရှိသော အင်းစိန်မြို့နယ် ဘောလုံးအသင်း၊ ပထမရရှိသော လှိုင်မြို့နယ် ဘောလုံးအသင်းနှင့် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီကြသည့် ဦးသောင်းထိုက် Jewellery Luck Co., Ltd. နှင့် Olympic Hotel ၊ ဦးဝမ်စိန် (Viva Entertainment) နှင့် ဦးကျော်မြင့် (ဘောလုံးကန်ဖိနပ်လုပ်ငန်း) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲတွင် ပထမရရှိသည့် လှိုင်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင်ပထမရရှိသည့် လှိုင်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်စာသင်ကျောင်းများသို့ စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၅ ခုနှစ် စက်တင်ဘာ ၈ရက်တွင်ကျရောက်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်စာသင်ကျောင်းများသို့ စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က စာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်စာသင်ကျောင်းများသို့ ဆက်လက်လှူဒါန်းရန်အတွက် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းခြောက်ကျောင်းနှင့် သီလရှင်စာသင်ကျောင်း ခြောက်ကျောင်းရှိ စာသင်သားနှင့် ကျောင်းသား၊ ကျောင်းသူ ၁၄၀၀ကျော်အတွက် ဗလာစာအုပ် ၂၇၂၉အုပ်နှင့် ခဲတံအချောင်း ၂၅၀၀ တို့ကို လှူဒါန်းသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် စက်တင်ဘာ ၈ရက်တွင် ကျရောက်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါ်ထွေးထွေးညွှန့်က ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးသို့ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် အားကစားထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သတ္တမအကြိမ် ပညာရည်ထူးချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် အားကစားထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရဲရိပ်သာဝင်းအတွင်းရှိ အားကစားခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်သည်။

တက်ရောက်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ လေးဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင် ၁၃ဦးတို့၏ လှူဒါန်းငွေကျပ် ၃၆သိန်းကို ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါက်တာ ညွန့်ညွန့်ဦးက ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ငါးဘာသာဂုဏ်ထူး ရရှိသူလေးဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်စန်းစန်းဝေက ငါးဘာသာဂုဏ်ထူးရရှိသူ လေးဦးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ထူးရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားထူးချွန်ဆုရ အားကစားသမားများအား ဆုချီးမြှင့်ရာ ဝန်ကြီးက ပြည်ပနိုင်ငံများ၌ကျင်းပသည့် အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆု ရရှိခဲ့ကြသော အမျိုးသားအားကစားသမား သုံးဦးတို့အားလည်းကောင်း၊ ဝန်ကြီး၏ဇနီးက ပြည်ပနိုင်ငံများ၌ ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရရှိကြသော အမျိုးသမီး အားကစားသမား ၁၀ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများက ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

စုစုပေါင်း

ယနေ့အခမ်းအနားတွင် အားကစားထူးချွန်ဆုငွေမှာ ငွေကျပ် ၂၂ သိန်း၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်းမှာ ငွေကျပ် ၉၅ သိန်းကျော်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်အတွက် သတ္တမအကြိမ် ပညာထူးချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် အားကစားထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်အားကစားသမား တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

မိုင်းနောင်ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ စတင်ထုတ်လွှင့်

ရန်ကုန် စက်တင်ဘာ ၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၄ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှလွှင့်အား ၅၀ ဝပ်၊ လှိုင်းနှုန်း ၆ ဖြင့် ၂၀၀၅ခုနှစ် စက်တင်ဘာ ၅ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့်ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

သုံးသပ်၍ဆုံးဖြတ်ပါ

*** သူငယ်ချင်း…**
မင်းလည်းစဉ်းစား၊ မဝေဝါးနဲ့
အမှားအမှန်၊ ဓမ္မဓိဋ္ဌာန်ကျ
ဝေဖန်ဆန်းစစ်၊ ခေတ်ကိုထင်းထင်း
အမြင်ရှင်းစွာ…
မင်းပဲ သုံးသပ်၊ မင်း ဆုံးဖြတ်…။

*** သူငယ်ချင်း…**
မင်းလည်းသိမှာ၊ မုသာဝါဒ
အမနာပလွှမ်း၊ ဆင်ကန်းတောတိုး
အမျိုးကိုဖျက်၊ တိုင်းပြည်ဖျက်မယ့်
မျက်ကန်းတစ္ဆေမကြောက်၊ အနောက်မျှော်သမား
ခွဲခြားဆန်းစစ်၊ ခေတ်ကိုထင်းထင်း
အမြင်ရှင်းစွာ…
မင်းပဲ သုံးသပ်၊ မင်းဆုံးဖြတ်…။

*** သူငယ်ချင်း…**
မင်းမျက်စိရှေ့၊ ယနေ့ကာလ
အလုပ်လုပ်ပြနေ၊ ဘယ်သူတွေလဲ
ဝေခွဲဆန်းစစ်၊ ခေတ်ကိုထင်းထင်း
အမြင်ရှင်းစွာ…
မင်းပဲ သုံးသပ်၊ မင်းဆုံးဖြတ်…။

*** သူငယ်ချင်း…**
မင်းနှင့်အတူ၊ ပြည်သူတစ်ရပ်လုံး
အလိုအပ်ဆုံးမှာ၊ သာယာအေးချမ်း
စိတ်ဝမ်းတူမျှ၊ လှပခေတ်မီ
နိုင်ငံသစ်ဆီသို့၊ ညီညာတွဲလက်
အောင်ပွဲဆက်ရန်၊ လေးနက်တည်ကြည်
ဒို့မြန်မာပြည်၏၊ ညီညွတ်မှုသနစ်
ပြည်ဖုံးလွှစ်၍၊ ခေတ်ကိုထင်းထင်း
အမြင်ရှင်းစွာ…
မင်းပဲ သုံးသပ်၊ မင်းဆုံးဖြတ်…။

ဟသ်ာတမြင့်ငွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း အပိုင်း(၂)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	မေးကြည့်ဖြေကြည့် ပဟေဠိ
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	Star Album(3)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မြန်မာ့ရိုးရာအင်္ဂတေနှင့် ခေတ်မီဘိလပ်မြေ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ဝယ်ချင်စရာမျိုးစုံစွာ
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (လက်ဝှေ့)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၈း၀၀	ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း	5-Cartoons(Live)
၈း၃၀	Man;United-Man;City
လိုင်း	5-Cartoons(Live)
	Tottenham-Liverpool
	5-Movies (Live)
၁၀း၃၀	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Cartoons(Live)
	Chelsea-Sunderland
	5-Movies) (SDD)
၁၀း၄၀	Mid;brough-Arsenal
လိုင်း	5-Cartoons(Live)
၁း၀၀	Final Score
လိုင်း	5-Cartoons(Live)

"မိန်းမမြတ်အမေနှင့် အမေ့နေရာဝတ္ထုများ" စာအုပ် ပုံနှိပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၉

မာမာ(ရွှေဟောင်းသုတေသန) ရေးသားသော "မိန်းမမြတ် အမေနှင့် အမေ့နေရာဝတ္ထုများ"စာအုပ်ကို ကိုမြင့်ဦး ဖုန်း-၂၄၅၉၂၀(ရန်ကုန်)နှင့် ထွန်းဦး စာပေ၊ နဂါးစာပေ(မန္တလေး)တို့က မြန်မာတစ်ပြည်လုံးသို့ ၂၀၀၅ခုနှစ် ဇွန်လပိုင်းတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ဆွတ်ခူးရရှိ

စာရေးဆရာမ မာမာ (ရွှေဟောင်းသုတေသန)သည် ၁၉၉၈ခုနှစ် အမေနေ့ စာပေပြိုင်ပွဲ၌ ဝတ္ထုပထမဆု၊ ၁၉၉၉ခုနှစ် မြတ်မိခင် စာပေပြိုင်ပွဲ၌ ဝတ္ထုအထူးဆု၊ ၁၉၉၉ခုနှစ် အမျိုးသားဆောင်ပုဒ် စာပေပြိုင်ပွဲ၌ ဝတ္ထု ဒုတိယဆု၊ ၂၀၀၀ပြည့်နှစ် ငွေတာရီ ဝတ္ထုတိုပြိုင်ပွဲ၌ အထူးဆုနှင့် ၂၀၀၀ပြည့်နှစ် အမေနေ့ စာပေပြိုင်ပွဲ၌ ဝတ္ထုအထူးဆုများကို ဆွတ်ခူးရရှိထားသူဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်းရှိ လူမှုဝန်ထမ်းမူကြိုကျောင်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ ဖွင့်လှစ်သည့် မူကြိုကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် စက်တင်ဘာ ၉ရက်က အလှူရှင် ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေး) တာမွေမြို့နယ်မှ လှူဒါန်းသော ဆေးစိမ်ခြင်ထောင်များကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မူကြိုကျောင်းများတွင် ပေးအပ်လှူဒါန်းစဉ်။ (မိခင်ကလေး)

လက်ခံယူ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနေ မယုလေးနှင့် မရွှေဌေးတို့က မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၉

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၉နာရီခွဲတွင် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၀၂စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စိုးရိမ်ရေမှတ် ၆၀၀စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံအထွက်ထိခိုက် အာဖရိကတွင် ငတ်မွတ်သူဦးရေ တိုးလာနိုင်

ဒဗ္ဗလင် စက်တင်ဘာ ၈

ကမ္ဘာ့ရာသီဥတု အပြောင်းအလဲဖြစ်ပေါ်မှုကြောင့် သီးနှံအထွက်ကို ကျဆင်းစေပြီး ငတ်မွတ်ခေါင်းပါးသူ လူဦးရေကိုလည်း ၂၀၅၀ ပြည့်နှစ်တွင် သန်း ၅၀ အထိ ပိုမိုတိုးပွားစေမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ဆခဲ့ကြသည်။

ထိုအချိန်တွင် ငတ်မွတ်သူ လူဦးရေ အများစုမှာ အာဖရိကတိုက်ဒေသမှ လူများ ပါဝင်မည်ဖြစ်သည်ဟုဆိုသည်။ လက်ရှိအခြေအနေ၌ပင် ကမ္ဘာ့ငတ်မွတ်ခေါင်းပါးသူ လူဦးရေမှာ သန်း ၅၀၀ နီးပါးမျှရှိနေပြီဖြစ်ရာ ဖန်လုံအိမ် အာနိသင် ပိုမိုဆိုးရွားလာသဖြင့် ငတ်မွတ်သူဦးရေမှာလည်း ပို၍ပင်များပြားလာစရာရှိကြောင်း မှန်းဆထားကြသည်ဟု ဗြိတိသျှမိုးလေဝသဌာနမှ ပါမောက္ခမာတင်ပါရေးက ပြောကြားသည်။

ဒဗ္ဗလင်မြို့တွင် ကျင်းပလျက်ရှိသော ဗြိတိသျှ သိပ္ပံပညာရှင်များ ကွန်ဖရင့် အစည်းအဝေးတွင် ပါမောက္ခပါရေးက အထက်ပါစကားများကို ပြောကြားသွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဖြစ်ပေါ်လာလတ္တံ့သော ငတ်မွတ်မှုဘေးကို ရှောင်ရှားလိုလျှင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ကျိုတိုသဘောတူညီချက်တွင် သဘောတူထားကြသည့် ပမာဏထက် အဆ ၂၀ ပို၍ လျှော့ချနိုင်အောင် ကြိုးပမ်းကြရန် လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကျိုတိုသဘောတူညီချက်ကို ၁၉၉၇ ခုနှစ်က လက်ခံခဲ့ကြပြီး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၀၀၈-၂၀၁၂ ခုနှစ် အရောက်တွင် ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်မှုအဆင့်အောက် ၅ ဒသမ ၂ ရာခိုင်နှုန်းလျှော့၍သွားအောင်ဆောင်ရွက်ကြရန် သဘောတူထားခဲ့ကြသည်။

အမေရိကန်နိုင်ငံက ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရလျှင် နိုင်ငံ၏ စီးပွားရေး ထိခိုက်နိုင်သည်ဟု အကြောင်းပြကာ ကျိုတိုသဘောတူညီမှုကို လက်မခံဘဲ ရှောင်နေခဲ့သည်။

ကမ္ဘာ့မြောက်ခြမ်း လေထုလွှာအတွင်း အိုဇုန်းဓာတ်ငွေ့ပမာဏ တိုးလာသည်ဟု ဆိုသည်။ စမ်းသပ်ချက်များအရ အိုဇုန်းများပြားလာခြင်းသည် သီးနှံအထွက်ကို ထိခိုက်စေကြောင်း တွေ့ရသည်ဟု ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

တာ့လင်မုန်တိုင်းကြောင့် အန်ဟွေးတွင် ၇၆ဦး သေဆုံး ရေလျောင်ကန် ၆၁ခု စိုးရိမ်ရေမှတ်ရောက်ရှိ

ဟေဖေ့ စက်တင်ဘာ ၉

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် တာ့လင်မုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်းမှာ ၇၆ ဦး ရှိပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးထောက်ပံ့မှုနှင့် ရန်ပုံငွေ စုစုပေါင်း ယွမ်ငွေသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅သန်း) ကို မုန်တိုင်းကျရောက်ရာဒေသသို့ ပေးပို့ပြီးဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးဝမ်ကျင်ရှန်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အန်ဟွေးပြည်နယ်သည်စက်တင်ဘာ ၁ရက်မှ ၃ရက်အထိ အလွန်အမင်းပြင်းထန်သည့် မိုးသက်မုန်တိုင်းများ တိုက်ခတ်ခြင်းကို ခံခဲ့ရကြောင်း ပြည်နယ် ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးနှင့် ကယ်ဆယ်ရေးရုပ်မြင်သံကြားထုတ်လွှင့်မှု ညီလာခံတွင် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

တာ့လင်မုန်တိုင်း တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သည့် မိုးသက်မုန်တိုင်းများသည် ပြည်နယ်အတွင်းရှိ နေရာ ၃၀၀၀တွင် ရွှံ့နှင့်ကျောက်များ စီးဝင်လာစေပြီး မြေပြိုမှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ရေလှောင်ကန် ၆၁ခုမှာ စိုးရိမ်ရေမှတ်ကို ရောက်ရှိလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှား၌ရဟတ်ယာဉ်ပျက်ကျ ရုရှားနိုင်ငံသားသုံးဦး သေဆုံး

ကွာလာလမ်ပူ စက်တင်ဘာ ၆

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် အရှေ့ဘက်တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ရုရှားနိုင်ငံသားသုံးဦး သေဆုံးခဲ့သည်ဟု မလေးရှားရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်တွင် အသက် ၄၉ နှစ်ရှိ လေယာဉ်မှူး အာနာတိုလီဆီလီဟီ၊ အသက် ၂၆ နှစ်ရှိ လေယာဉ် အင်ဂျင်နီယာ အစ္စတိုမင် အာလီဇီတို့ လိုက်ပါလာကြကြောင်း ဒေသတွင်းရှိ သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

စနေနေ့ညနေပိုင်းတွင် ကာပစ်ဒေသအနီး ဂါတ်သစ်စခန်းတွင် ရဟတ်ယာဉ် ပျံသန်းနေစဉ် ကာမို ၃၂ အမျိုးအစား ရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ထိုရဟတ်ယာဉ်တွင် လိုက်ပါလာသူ သုံးဦးစလုံး သေဆုံးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေး၌ ငလျင် ထပ်မံလှုပ်

ဂျကာတာ စက်တင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မြို့တော်ဘန်ဒါအာချေး၌ ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီ ၄၂ မိနစ်တွင် အင်အား ၅ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့သည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြခဲ့သည်။

ငလျင်၏ဗဟိုချက်သည် ဘန်ဒါအာချေးအနောက်ဘက် ကီလိုမီတာရာပေါင်းများစွာကွာဝေးသော နီကိုဘာကျွန်း၏ ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၃၀ ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း အာချေးဘီဆာ မိုးလေဝသနှင့် ဘူမိရူပအဖွဲ့ အကြီးအကဲရှာနန်က ပြောကြားသည်။

မြောက်လတ္တီတွဒ် ၆ ဒသမ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီကိုဗဟိုပြု၍ ငလျင်လှုပ်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကက်ထရီနာ မုန်တိုင်းကြောင့် ရေကြီးနေသည့် နယူးအော်လင်းစ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မော်တော်ယာဉ်များ ပျက်စီးနေသည်ကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ကော်ဖီညီလာခံ တန်ဇန်းနီးယားတွင် ကျင်းပမည်

ဒါရက်ဆလမ် စက်တင်ဘာ ၈

ကမ္ဘာတစ်ဝန်းမှ ကော်ဖီထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများသည် လာမည့်နှစ် စောစောပိုင်းတွင် တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်း အရူရှားမြို့၌ ကျင်းပမည့် ကမ္ဘာ့ကော်ဖီညီလာခံနှင့် ပြပွဲသို့ လာရောက်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အရူရှားမြို့တွင် ကျင်းပမည့် ညီလာခံနှင့်ပြပွဲကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၆မှ ၁၈ ရက်အထိ ကျင်းပရန် သတ်မှတ်ထားပြီး အရှေ့အာဖရိကအဆင့်မြင့် ကော်ဖီထုတ်လုပ်သူများအသင်းက စီစဉ်သည့် တတိယအကြိမ်မြောက် ညီလာခံဖြစ်သည်။ နိုင်ငံအများအပြားမှ ကော်ဖီကုန်ကြမ်းဝယ်သူများနှင့် ကော်ဖီ ကုန်ချောထုတ်လုပ်သူများ လာရောက်ကြမည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါပူဝါးတွင် အင်အားပြင်းငလျင်လှုပ်

ဆစ်ဒနီ စက်တင်ဘာ ၉

ပစိဖိတ်သမုဒ္ဒရာ တောင်ဘက် ပါပူဝါးကျွန်းဒေသတွင် စက်တင်ဘာ ၉ရက်က ၇ဒသမ ၃ အဆင့်ထိအင်အားပြင်းသော ငလျင်လှုပ်သွားသော်လည်း ဆူနာမီရေလှိုင်းများ ထကြွလာခြင်းမရှိကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားကြသည်။

ထိုငလျင်သည် နယူးဗြိတိန်ကျွန်း ရာဘောလ်မြို့၏ အရှေ့တောင်ဘက် မိုင် ၈၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်ရှားသွားခြင်းဖြစ်သည်ဟု ဟောင်ကောင် ငလျင်စခန်းက ထုတ်ပြန်သည်။

အခင်းဖြစ်ပွားရာဒေသနှင့် အဆက်အသွယ်မရသေးသောကြောင့် အပျက်အစီး အထိအခိုက်ရှိ၊မရှိ မသိရသေးကြောင်း ပါပူဝါးနယူးဂီနီ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ ခြောက်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၈

ဘဂ္ဂဒက်မြို့တွင် ပြည်ပကန်ထရိုက်တာများ စီးလေ့ရှိသော ယာဉ်တန်းတစ်ခုအနီး၌ ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် ယာဉ်တစ်စီးပျက်စီးခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦးနှင့် အီရတ်အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်ဟုရဲအဖွဲ့က ပြောကြားခဲ့သည်။

ရပ်တန့်ထား

ဘဂ္ဂဒက်မြို့ ကာရာဒါဒေသ ဓာတ်ဆီဆိုင်တစ်ဆိုင်အနီး လမ်းဘေးတစ်နေရာတွင် ကားတစ်စီးကို ရပ်တန့်ထားခဲ့သည်။ အဆိုပါကားဘေးမှ ယာဉ်တန်းတစ်ခု ဖြတ်မောင်းသွားစဉ် နံနက် ၉နာရီတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိအာမက်အဒူလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါသူတစ်ဦးနှင့် အီရတ်အရပ်သား ငါးဦးဒဏ်ရာရရှိခဲ့သည်။ ယာဉ်ပေါ်တွင်လိုက်ပါသူတစ်ဦးသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို မသိရှိရကြောင်း အဒူလာက ပြောဆိုခဲ့သည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာတစ်ဝိုက်ကို အီရတ်ပြည်သူများနှင့် အီရတ်ရဲများမဝင်ရန် ကန်တပ်ဖွဲ့များက တားမြစ်ထားသည်။ ဒဏ်ရာရရှိသူများကို အမေရိကန်တပ်ဖွဲ့ဝင်များက ချက်ချင်းရွှေ့ပြောင်းပေးခဲ့သည်။

ထိုပေါက်ကွဲမှုကြောင့် အရပ်ဘက်ကားသုံးစီးနှင့် ပေါက်ကွဲမှုနေရာအနီးရှိ အိမ်များနှင့်ဆိုင်များလည်း ပျက်စီးခဲ့သည်ဟု ၎င်းက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးကွဲ ဗြိတိသျှလူမျိုး လေးဦးသေဆုံးဟု သတင်းများထွက်ပေါ်

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် နိုင်ငံခြားသား ကန်ထရိုက်လုပ်ငန်းရှင်များ သုံးစွဲလေ့ရှိသော မော်တော်ယာဉ်တန်း ဖြတ်သွားခိုက် လမ်းဘေးဗုံးပေါက်ကွဲခဲ့ကြောင်း အီရတ်ပြည်ထဲရေးဌာနမှလာသော သတင်းများကဆိုသည်။

ထိုဗုံးမှာ လက်လုပ်ဗုံးအမျိုးအစားဖြစ်ပြီး နံနက် ၉ နာရီအချိန်ခန့်တွင် ကဗိုင်ဇာမြို့အသွား အဝေးပြေးလမ်းမပေါ်၌ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် ကန်ထရိုက်တာများစီးသောအက်စ်ယူဗွီယာဉ်တစ်စီး ပျက်စီးသွားရပြီး ဗြိတိသျှလူမျိုး လေးဦးသေဆုံးသွားကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ သတင်းပေးသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်ကြောင့် အက်စ်ယူဗွီယာဉ်မှာ အဝေးပြေးလမ်းမနံဘေးသို့ လွင့်စဉ်ကာပက်လက်လန်သွားသည်ဟု ရဲဘက်ဆိုင်ရာမှလာသောသတင်းကဆိုသည်။

အခင်းဖြစ်ပွားရာနေရာမှ မိုင် ၅၅၀အကွာတွင် တည်ရှိသော ဘဂ္ဂဒက်မြို့ ဗြိတိသျှသံရုံးမှ ပြောရေးဆိုခွင့်ရှိသူကမူ ဗြိတိသျှသံအဖွဲ့ဝင်နှင့် စစ်ဘက်ဝန်ထမ်းများ အသေအပျောက် တစ်စုံတစ်ရာမရှိဟု ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

HIV / AIDS ရောဂါကာကွယ်ရေး ပညာပေးလှုပ်ရှားမှုများ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း တစ်ပြိုင်တည်းပြုလုပ်

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ HIV/AIDS ကူးစက်ရောဂါကာကွယ်ရေး ပညာပေးလှုပ်ရှားမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း၌ တစ်ပြိုင်တည်းပြုလုပ်ကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများသည် လမ်းမတော်မြို့နယ် လမ်းသစ်ဆိပ်ကမ်း၌ခရီးသွားလာကြမည့် ခရီးသွား ပြည်သူများအားလည်းကောင်း၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းဆိပ်ကမ်း၌ ရေယာဉ်စီးခရီးသည်များ နားနေဆောင်နှင့် ဆိပ်ကမ်းအတက်အဆင်း၌ ခရီးသည်များအားလည်းကောင်း ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက HIV / AIDS ကူးစက်ရောဂါကာကွယ်ရေး ပညာပေးဟောပြောနေမှု၊ လက်ကမ်းစာစောင်များ လိုက်လံဝေငှနေမှုနှင့် အဆောက်အအုံများတွင် နံရံကပ်ပညာပေးပိုစတာများ ချိတ်ဆွဲနေမှု၊ မော်တော်ယာဉ်များ၊ အနေးယာဉ်များတွင် ပညာပေးစတေကာများ လိုက်လံတပ်ဆင်နေမှု အခြေအနေများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီး၌ ရပ်ဝေးရပ်နီးမှ ခရီးသည်များ ကြိုဆို၊ ပို့ဆောင်နှုတ်ဆက်သူများနှင့် ဘူတာကြီး အနီးတစ်ဝိုက်ရှိ ပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ပေးဝေနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဦးဆောင်ကာ အင်းစိန်၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပနှင့် သဃ်ာန်းကျွန်းမြို့နယ်တို့၌ လူစည်ကားရာနေရာများတွင် HIV/AIDS ကူးစက်ရောဂါကာကွယ်ရေး ပညာပေးဟောပြောနေမှု၊ လက်ကမ်းစာစောင်များ ဝေငှနေမှု၊ နံရံကပ်ပညာပေးပိုစတာများ ချိတ်ဆွဲနေမှု၊ အငှားယာဉ်နှင့် အနေးယာဉ်များတွင် စတေကာများ တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ သင်္ဘောဆိပ်များ၊ ဘူတာရုံများ၊ ဘတ်စ်ကားမှတ်တိုင်များ၊ အဝေးပြေးခရီးသည်တင် ရပ်နားစခန်းများ၊ အနေးယာဉ်ဂိတ်များနှင့် ရုပ်ရှင်ရုံများ၌လည်း သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းကာ HIV/ AIDS ကူးစက်ရောဂါ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ နံရံကပ်ပိုစတာများ ချိတ်ဆွဲခြင်း လုပ်ငန်းများကို ယနေ့တစ်ပြိုင်တည်းပြုလုပ်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ HIV/AIDS ရောဂါကာကွယ်ရေး ပညာပေးလှုပ်ရှားမှုများကို ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း၌ တစ်ပြိုင်တည်း ပြုလုပ်ကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက ရန်ကုန်ဘူတာကြီး ခရီးသည်များနားနေဆောင်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက ခရီးသွားပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များဝေငှနေမှုကို ကြည့်ရှုကြစဉ်။

(မြို့တော်စည်ပင်)

စက်တင်ဘာ ၉ ရက်က သဃ်ာန်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးကြီးရှေ့လမ်းမကြီးတစ်လျှောက်၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုအားပေးစဉ်။ (၅၀၆)

ဒီပလိုမာစာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)ဆင်း

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) ဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သင်တန်းကထိကများအား ကန်တော့ကြပြီး သင်တန်းကထိကတစ်ဦးက ဆုတောင်းစကားပြောကြား၍ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၊ အမှတ် (၅)ရပ်ကွက်၊ ဝါးဘိုးတန်းလမ်းနေ ဒေါ်သိန်းရွှေနှင့် သား ဦးသက်တင်–ဒေါ်တင်တင်လှ (သီဂီမုန့်ဟင်းခါးဖို)မိသားစုက ကွယ်လွန်သူ ဦးသာအောင်အားရည်စူး၍ စက်တင်ဘာ ၆ ရက်က ခရမ်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေ လက်ခံယူစဉ်။ (က–ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၅ ခုနှစ် နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း "ကြယ်စင်ဝန်းခ ပန်းရိုးမ" ရိုက်ကူးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်းအဖြစ် ဝတ္ထုဇာတ်ညွှန်း–ငြိမ်းမင်းရေးသား၍ ဒါရိုက်တာစင်ရော်မောင်မောင် ခံစားတင်ပြသည့် **"ကြယ်စင်ဝန်းခ ပန်းရိုးမ"** ဇာတ်လမ်းကို ရှမ်းပြည်နယ်တစ်ဝိုက်၌ ရိုက်ကူးနိုင်ရေးအတွက် ရိုက်ကူးရေးအဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ကျိုင်းတုံမြို့သို့ ထွက်ခွာသွားကြသည်။

"ကြယ်စင်ဝန်းခ ပန်းရိုးမ" ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် လူမင်း၊ နိုင်းနိုင်း၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့်၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်နွဲ့နွဲ့မူနှင့် ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်ဝန်းကျင်၌လည်း ဇာတ်ဝင်ခန်းများကို ရိုက်ကူးပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးဝင်းဖေ–ဒေါ်အေးအေးမြင့် မိသားစု ဒဂုံမြို့သစ် (မြောက်ပိုင်း)က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း လက်ခံစဉ်။ (ပြန်/ဆက်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ၁/၂၀၀၅ သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကျင်းပရာ မြို့နယ်ကြက်ခြေနီ တပ်ရင်းရုံးမှ သင်တန်းမှူး ဦးဆန်းလွင်ဦးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိန်ထံ သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။

(ကြက်ခြေနီ)

ဘေးဖြစ်လွယ်သူ အားပေးကူ ရှေးဦးပြုစုခြင်းဖြင့် တာဝန်ယူ

တက္ကသိုလ်ဇော်ထူးဦး

မတော်တဆ ထိခိုက်ဒဏ်ရာအနာတရဖြစ်မှုနှင့် ရုတ်တရက် ကြုံတွေ့ခံစားရသောရောဂါဝေဒနာများ အတွက် ဖြစ်ပွားသောနေရာနှင့် ဆေးရုံ၊ ဆေးခန်း၊ ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာ အကူအညီ မရမီစပ်ကြား ဝေဒနာခံစားမှု သက်သာကာ အလျင် မြန်ဆုံး ပြန်လည်ကောင်းမွန်စေရန် ပြုစုပေးသော အတတ်ပညာကို ရှေးဦးပြုစုခြင်း (First Aid) ဟု ခေါ်သည်။

ရှေးဦးပြုစုခြင်းအတတ်ပညာသည် အသက်နှင့် ကိုယ်ခန္ဓာတည်မြဲရေး၊ အခြေအနေ ပိုမိုဆိုးရွားမလာ စေရေးနှင့် အလျင်မြန်ဆုံး ပြန်လည်ကောင်းမွန်လာ စေရေး ဆိုသည့်အချက်များကို ရည်ရွယ်ကာ တီထွင် ခဲ့ကြခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာက လက်ခံထား သော နည်းစနစ်များ ဖြစ်သည်။

ဤရှေးဦးပြုစုနည်းများသည် လူမှုပတ်ဝန်းကျင် အတွင်း မိမိကိုယ်တိုင်နှင့် မိသားစုအတွက် လည်း ကောင်း၊ မိမိရပ်ရွာ ဒေသအတွက်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းလည်းကောင်း၊ အခြားသော အန္တရာယ်ဖြစ်ဖွယ်ရှိသည့် အခြေအနေများ၌ လည်း ကောင်း များစွာအကျိုးရှိစေသည့် မရှိမဖြစ်လိုအပ် သည့် အသက်ကယ်နည်းများပင် ဖြစ်ပါသည်။

ရှေးဦးပြုစုခြင်းအတတ်မှာ စစ်ပွဲကိုအခြေပြုကာ ပေါ်ပေါက်လာခဲ့သည်။ စစ်ပွဲများ၏ ရှေ့တန်းစစ် မျက်နှာတွင် ဒဏ်ရာရစစ်သည်များအား နောက်တန်းရှိ ဆေးရုံ၊ ဆရာဝန်များထံ သယ်ယူလာစဉ်အတွင်း အခြေအနေပိုမိုမဆိုးရွားအောင်၊ အသက်မဆုံးရှုံးအောင် ဆောင်ရွက်ပေးသည့် ဆေးအတတ်ပညာနည်းစနစ် ဖြစ်သည်။ ယခုအခါ အရပ်ဘက်၌လည်း တွင်ကျယ်စွာ အသုံးဝင်လာခဲ့သည်။

ရှေးဦးပြုစုနည်းကို စတင်တီထွင်ခဲ့သူမှာ ဒေါက်တာအက်စ်မတ်ချ် (Dr.Esmarch) ဖြစ်ပြီး ဂျာမနီ စစ်တပ်၏ ဆေးမှူးချုပ်အဖြစ် ပြင်သစ်နှင့် ပရပ်ရှားစစ်ပွဲကာလတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ စစ်မြေပြင်မှ တွေ့ရှိချက်များကို အခြေပြုကာ **'ထိခိုက်ဒဏ်ရာများအတွက် ရှေးဦးပြုစုခြင်း'**နှင့် **'စစ်မြေပြင်မှ ရှေးဦးပြုစုနည်းများ'** စာအုပ်များကို ပြုစုရေးသားခဲ့သည်။

ကြက်ခြေနီ လှုပ်ရှားမှု၏ ဖခင်ဖြစ်သော **'ဟင်နရီဒူးနန့်'** သည် **'ဆိုဖာရီနိုစစ်ပွဲ'** ၏ အနိဋ္ဌာရုံ မြင်ကွင်းများကို မြင်တွေ့ပြီး ထိခိုက်ဒဏ်ရာရသူ စစ်သည်များအတွက် စစ်တပ်များတွင် ဆေးအဖွဲ့များကို အလုံအလောက် ထားရှိသင့်ကြောင်း၊ နိုင်ငံတိုင်းတွင် စစ်မက်ဖြစ်ပွားလာပါက စစ်ဘက်ဆိုင်ရာဆေးတပ်ဖွဲ့ များအား ကူညီနိုင်ရန် စေတနာ့ဝန်ထမ်း ဆေးအဖွဲ့များကို ကြိုတင်လေ့ကျင့်ပေးထားသင့်ကြောင်း တိုက်တွန်းခဲ့ ရာမှ ကြက်ခြေနီ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။

စစ်ပွဲများမှ စခဲ့သော ရှေးဦးပြုစုခြင်း အတတ်ပညာ သည် ယနေ့မျက်မှောက်ခေတ်ကာလတွင် အရပ်ဘက် ဆိုင်ရာ လူမှုပတ်ဝန်းကျင်တွင် အရေးပေါ် ထိခိုက် အနာတရဖြစ်မှုများအတွက် အသက်ကယ်နည်းတစ်ရပ် အဖြစ် အသုံးဝင်လျက်ရှိနေသည်။ ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ ပုံရိပ်တစ်ခု အဖြစ် ရှိနေပေသည်။

အမျိုးသား ကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (International Federation of Red Cross and Red Crescent Societies)သည် လူသားတို့၏ အသက်နှင့် ခန္ဓာတည်မြဲရေးကို ဆောင်ရွက်ပေးနိုင်သော ရှေးဦး ပြုစုခြင်း အတတ်ပညာကို အလေးအနက်ထား ဖော်ညွှန်းလိုခြင်း၊ ဂုဏ်ပြုလိုခြင်းအတွက် အထိမ်းအမှတ် နေ့ တစ်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ဥရောပ ၁၆ နိုင်ငံ ကြက်ခြေနီအသင်းများက ရှေးဦးပြုစုခြင်းနေ့ကို စတင် ကျင်းပခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် အမေရိကအလယ်ပိုင်း ဒေသအတွင်းရှိ ကြက်ခြေနီအသင်းများကပါ ကျင်းပ လာကြသည်။ ၂၀၀၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပသွားရန် ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ်(စနေနေ့) ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တစ်ပြိုင်နက်တည်း ကျင်းပကြရန် သတ်မှတ်ခဲ့သည်။

အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် First Aid: a gesture of humanity which makes the difference ကို သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းက **"ရှေးဦးပြုစု လူမှုကရုဏာအပေါင်းလက္ခဏာ"** ဟု မြန်မာပြန်ဆိုပြီး အထိမ်းအမှတ်အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းများတွင် ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ် တွင်လည်း အဆိုပါဆောင်ပုဒ်ဖြင့်ပင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့သည်။

အနာတရ ဖြစ်သည့်အခါမှ ပြုစုပေးရန် ရည်ရွယ် ခဲ့သည့် ရှေးဦးပြုစုခြင်း အတတ်ပညာသည် ယနေ့ ခေတ်တွင် လူထုကို အခြေပြုသော လူမှုရေး ဆိုင်ရာနှင့် ကျန်းမာရေးကိစ္စများကိုပါ ဆောင်ရွက် လျက်ရှိသည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် ဂျီနီဗာမြို့၌ ကျင်းပသော (၁၂) ကြိမ်မြောက် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အထွေထွေ ညီလာခံတွင် ရှေးဦးပြုစုခြင်းဆိုင်ရာ ပေါ်လစီကို ချမှတ်ခဲ့သည်။ အဆိုပါ ပေါ်လစီကို အခြေခံပြီး အမျိုးသား ကြက်ခြေနီအသင်းများက မိမိတို့နိုင်ငံ အလိုက် ရေးဆွဲချမှတ်ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် ရှေးဦးပြုစုခြင်းမူဝါဒကို ၂၀၀၃ ခုနှစ် တွင် ရေးဆွဲချမှတ်ခဲ့သည်။

ကြက်ခြေနီ လှုပ်ရှားမှု၏ဖခင်ဖြစ်သော "ဟင်နရီဒူးနန့်"သည် "ဆိုဖာရီနိုစစ်ပွဲ"၏ အနိဋ္ဌာရုံ မြင်ကွင်းများကို မြင်တွေ့ပြီး ထိခိုက်ဒဏ်ရာရသူ စစ်သည်များအတွက် စစ်တပ်များတွင် ဆေးအဖွဲ့များကို အလုံအလောက် ထားရှိသင့်ကြောင်း၊ နိုင်ငံတိုင်းတွင် စစ်မက်ဖြစ်ပွားလာပါက စစ်ဘက်ဆိုင်ရာဆေးတပ်ဖွဲ့များအား ကူညီနိုင်ရန် စေတနာ့ ဝန်ထမ်း ဆေးအဖွဲ့များကို ကြိုတင်လေ့ကျင့်ပေးထားသင့်ကြောင်း တိုက်တွန်းခဲ့ရာမှ ကြက်ခြေနီ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။

ယခုနှစ် ဆောင်ပုဒ်မှာ First Aid With Vulnerable (Marginalized) People ဖြစ်ပြီး **"ဘေးဖြစ်လွယ်သူအားပေးကူ ရှေးဦးပြုစုနည်းဖြင့် တာဝန်ယူ"**ဟု မြန်မာပြန်ဆိုကာ အထိမ်းအမှတ်အဖြစ် ယနေ့ စက်တင်ဘာလ ၁၀ရက်နေ့တွင် ရှေးဦးပြုစုခြင်းစွမ်းရည် ပြိုင်ပွဲများ၊သရုပ်ပြပွဲများ၊စာပေပြိုင်ပွဲများ၊ဟောပြောပွဲများ၊ အခမ်းအနားများကို ကျင်းပလျက်ရှိကြသည်။

မျက်မှောက်ခေတ်ကာလ ကြက်ခြေနီလုပ်ငန်း များသည် ယခင်ကဆောင်ရွက်ခဲ့သည့် ဘေးအန္တရာယ် ကျရောက်သည့်အခါမှ ဒုက္ခသည်များကို ကူညီ ကယ်ဆယ်ပြုစုပေးမှုသက်သက် မဟုတ်တော့ဘဲ ဘေး အန္တရာယ် ကျရောက်နိုင်သူများကိုပါ ဦးတည်လုပ်ဆောင် လျက်ရှိပေသည်။ သို့အတွက် သမားရိုးကျ ထိခိုက် အသင်းအနေဖြင့် ...

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် **"ဆင်းရဲ ဒုက္ခနည်းပါးသက်သာစေရန်"**ဟူသော ရည်ရွယ်ချက် ဖြင့် လုပ်ငန်းစဉ်သုံးရပ်ဖြစ်သော ကျန်းမာရေးမြှင့်တင် ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက် သူများအား ကူညီရန်တို့ကို အကောင်အထည်ဖော် လျက်ရှိသည်။ အဆိုပါ လုပ်ငန်းစဉ်များနှင့် အကျုံးဝင် နေသောရှေးဦးပြုစုခြင်းအတတ်ပညာကို လူထုအတွင်း တတ်မြောက်စေကာ လူထုကိုယ်တိုင်ပါဝင် ဆောင်ရွက် ခြင်းဖြင့် မိမိတို့၏ မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ကမ္ဘာ့ရှေးဦးပြုစု ခြင်းနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့ လှိုင်မြို့နယ် စပယ်ခြံ (၂) လမ်းနေ ဒေါ်သန်းတင် မိသားစုက နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် မွန်ပြည်နယ် တာဝန်ခံ ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ ဦးအုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့သို့ ရောက်ရှိပြီး ကျိုက်ကေလာသ စေတီတော်အား ဖူးမြော်ကြည်ညိုရ၍ အလှူငွေများကို ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် သည် လမိုင်းမြို့ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပ သည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ လမိုင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ ပြီး အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒေသခံအလှူရှင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ချို့ထွန်းအောင် နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)တို့က လက်ခံကြသည်။

ဆက်လက်၍ ၂၀၀၅ခုနှစ် တက္ကသိုလ် ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင် ခဲ့သော ကျောင်းသား ကျောင်းသူများ အား ပြည်နယ်အတွင်းရေးမှူးက ဆုများ ချီးမြှင့်ပြီး ကျောင်းသုံး ဗလာစာအုပ် များကိုလည်း လှူဒါန်းသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးအုန်းမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဒို့ တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီး တည် ဆောက်ရေးတွင် အနာဂတ်မျိုးဆက် သစ်များအား ပြုစုပျိုးထောင် လေ့ကျင့် ပေးပြီး ပြည်သူလူထုနှင့်အတူ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် စည်းစည်း လုံးလုံး ညီညီညွတ်ညွတ် အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် သည် သံဖြူဇရပ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအလုပ်အမှုဆောင်များ နှင့်တွေ့ဆုံပြီး အသင်းကြီးက ချမှတ် ထားသော ရှေ့လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ စည်းရုံး အကောင် အထည်ဖော် ဆောင်ရွက်ရေးမှာကြား သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗဟိုအလုပ်အမှုဆောင် သည် မုဒုံမြို့သို့ ရောက်ရှိပြီး ကံကြီး စေတီတော်အား ဖူးမြော်ကြည်ညို၍ ကံကြီး စေတီတော်ဓမ္မာရုံ၌ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း က လှူဒါန်းသော ခေါင်းလောင်းတော် နှင့် ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော် များအတွက် အလှူငွေများကို ပေးအပ် လှူဒါန်းသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် ဆိပ်ကမ်းသာလမ်းနေ ဦးစံ လှအောင်-ဒေါ်စေိန်တို့က (၆၂) နှစ် ပြည့်မင်္ဂလာနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ် ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်း စဉ်။

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း **Gano Excel Co.,**(မလေးရှား)က နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူလူထု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစုများအတွက် ရုပ်မြင်သံကြားစက်များနှင့် ဆေးဝါးများလှူဒါန်းခြင်း အခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူလူထု တပ်မတော်သားများ၊ ရဲတပ်ဖွဲ့မိသားစုများအတွက် ရုပ်မြင်သံကြားစက်များနှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

Gano Excel Co. (မလေးရှား)က နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူလူထု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုများအတွက် ရုပ်မြင်သံကြားစက်များနှင့်ဆေးဝါးများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အမှတ်(၂)တပ်မတော် ဆေးရုံ(ခုတင်–၅၀၀)တပ်မှူး ဗိုလ်မှူးကြီးမြင့်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးဝင်းဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အလှူရှင် Gano Excel Enterprise SDN BHD Chief Executive Official, Mr. Lew Soon Kiak. M & M Gano Trading Co. Ltd (Gano Excel Myanmar) မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် Gano Excel (Myanmar) မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးနှင့် ဆေးဘက်ဆိုင်ရာ အကြံပေး ဒေါက်တာစန်းတင့်တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်က တာဝန်ယူ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ ကျေးလက်ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ အပန်းဖြေဗဟုသုတ ရရှိနိုင်ရန် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်များနှင့် ကျန်းမာရေး ကုသစောင့်ရှောက်မှုများတွင် သုံးရန်ဆေးဝါးများ လှူဒါန်းခြင်းတို့အတွက်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ **Gano Excel Enterprise SDN. BHD Chief Executive Official Mr. Lew Soon Kiak** နှင့် **Gano Excel (Myanmar)** မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးတို့က ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၂၅သိန်းတန်ဖိုးရှိ ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်း အပြည့်အစုံ ၁၂စုံနှင့် ကျေးလက်ပြည်သူလူထုကျန်းမာရေးလုပ်ငန်းများနှင့် မြွေအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ ဆေးဝါးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

လှူဒါန်း

ယင်းနောက် Gano Excel Enterprise SDN BHD မှ Mr. Lew Soon Kiak. နှင့် (Gano Excel Myanmar)မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးတို့ကပြန်ကြားရေးဝန်ကြီးဌာနကဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၂၅သိန်း တန်ဖိုးရှိ ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်း အပြည့်အစုံ ၁၂စုံနှင့် ကျေးလက်ပြည်သူလူထု ကျန်းမာရေးလုပ်ငန်းများနှင့် မြွေအန္တရာယ် ကာကွယ်တားဆီးရေး အတွက် ငွေကျပ် ၁၅သိန်း တန်ဖိုးရှိ ဆေးဝါးမျိုးစုံတို့ကို လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

လက်ခံ

ဆက်လက်၍ လှူဒါန်းပေးအပ်သော တပ်မတော်ဆေးရုံများတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုများ အတွက်ငွေကျပ် ၁၅သိန်း တန်ဖိုးရှိ ဆေးဝါးများကို အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)တပ်မှူး ဗိုလ်မှူးကြီး မြင့်မောင်ကလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ၏ ကျန်းမာရေး ကုသစောင့်ရှောက်မှုတွင် အသုံးပြုရန် ငွေကျပ် ၁၅သိန်း တန်ဖိုးရှိ ဆေးဝါးများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်ကလည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ ၁၄လက်မ ရောင်စုံရုပ်မြင်သံကြား ဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းအပြည့်အစုံ သုံးစုံနှင့် ဆေးဝါးများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး ဝင်းဌေးဦးတို့ကလည်းကောင်း လက်ခံကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တပ်မှူးဗိုလ်မှူးကြီး မြင့်မောင်ထံ Gano Excel Enterprise SDN. BHD Chief Executive Official Mr. Lew Soon Kiak နှင့် Gano Excel (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးတို့က တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုများအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဆေးဝါးများကိုပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၆၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်၊ (တနင်္ဂနွေနေ့)မှ ၁၃၆၇ခုနှစ်၊ ပြာသိုလပြည့်ကျော်၁၃ရက် (ကြာသပတေးနေ့)အထိ၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၂၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော် အရှင်သူမြတ်များသည် ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်၊ ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၅ရက် မတိုင်မီ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှင့်အတူ) ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ (တိပိဋကဓရရွေးချယ်ရေး စာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်သည်။ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို–ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၆၇ခုနှစ် နတ်တော်လဆန်း ၂ရက်၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၂ရက် နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ပြီး စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များက အတိုင်း ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်း ရရှိသည်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် စက်တင်ဘာလအတွက်

(၁၁–၉–၂၀၀၅)ရက်နေ့နှင့်

(၂၅–၉–၂၀၀၅)ရက်နေ့

ဒေသဝမ်းစာဖူလုံရေး မျိုးကောင်းမျိုးသန့်များကို ခေတ်မီနည်းစနစ်ဖြင့်စိုက်ပျိုး နယ်မြေဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ၏ ပံ့ပိုးမှုဖြင့် ဒေသခံများက လက်တွဲကြိုးပမ်း

ရွှေရင်အေးစပါး စိုက်ပျိုးဖြစ်ထွန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းပွန်မြို့အထွက်၌ ရွှေရင်အေးစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က စိုက်ပျိုးရေ အလုံအလောက်ရရှိမှု အခြေအနေများနှင့်ဒေသ၌ တိုးချဲ့စိုက်ပျိုးသွားနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်မိုင်းပွန်–လွိုင်လင် ကားလမ်းတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် အစေ့ထုတ်ပြောင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး လွိုင်လင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လွိုင်လင်မြို့မှ လွိုင်လင်–နမ့်စန် ကားလမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ၊ ယာတို့၌ ထင်းရှူးစိုက်ခင်းများကိုလည်းကောင်း၊ လွိုင်လင်–နမ့်စန်ဒေသ၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး နမ့်စန်မြို့နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြရာ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရ မြင့်သိန်းနှင့်တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နမ့်စန်တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများကို နမ့်စန်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ် သူရမြင့်သိန်း၏ဇနီး ဒေါ်ကြည်ဌေးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်စန်–မိုးနဲကားလမ်းဘေး နမ့်စန်မြို့အထွက်၌ နမ့်စန်တပ်နယ်မိသားစုက စိုက်ပျိုးထားသည့် ဒေသမျိုး ရွှေရင်အေးစပါး ၉၃ ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းနေသော တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် စပါးခင်းများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသအတွင်း မြေလွတ်မြေရိုင်းများတွင် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

မိုးစပါးစံပြကွက်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုးနဲမြို့သို့ရောက်ရှိကြ၍ မိုးနဲ–မောက်မယ် ကားလမ်းတစ်လျှောက်၌ သစ်တောများ ထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ တောင်ကုန်းတောင်စွယ် လျှိုများအကြား မိုးစပါးများနှင့် ဒေသထွက် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မောက်မယ်မြို့နယ် စဥ့်ဆိုင်ကျေးရွာအုပ်စု နားပေါက်ကွင်း၌ မောက်မယ်မြို့နယ်၏ မိုးစပါးစံပြကွက် ဧက ၂၀၀ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မောက်မယ်မြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများအား တွေ့ဆုံ၍ ယနေ့ကာလသည် နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးဟူသည့် အမျိုးသားရေး မဏ္ဍိုင်ကြီးများကို မြဲမြဲခိုင်မာစေရန် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း။

မိမိတို့တပ်မတော်သားများသည် မိမိတာဝန်ကျရာ ဒေသအသီးသီး၌ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်ကြီးများကို အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်လျက်ရှိကြောင်း။

ပြည်နယ်တစ်ခုလုံးအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မှုများလည်း တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ကျကျ တိုးတက်ခံစားနေရပြီဖြစ်ရာ နိုင်ငံတော်၏ စေတနာကို ဒေသခံပြည်သူများ နားလည်သဘောပေါက်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများအား စည်းရုံးပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုများ ကြည့်ရှုအပန်းဖြေနိုင်ရန် ရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်ရာ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးဝင်းဇော်စိုးက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မောက်မယ်မြို့ နမ့်ယွမ်းခန်းမသို့ ရောက်ရှိပြီး မောက်မယ်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ အထိုက်အလျောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးအတွက် မျိုးကောင်းမျိုးသန့်များကို ခေတ်မီနည်းစနစ်ဖြင့် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၏ ကြီးကြပ်ပံ့ပိုး ဖြည့်ဆည်းပေးမှုတို့ဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတာဝန်ထမ်းဆောင်ရာ ဒေသ၏အကျိုးကို ဦးစွာရှေးရှုဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

စိုက်ပျိုးဧရိယာ

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်တွင် စိုက်ပျိုးမြေ ဧရိယာ စုစုပေါင်း ၃၆၁၁၃ဧကရှိသည့်အနက် လယ်မြေ ၆၉၇၁ဧက၊ ယာမြေ ၂၇၉၄ ဧက၊ ဥယျာဉ်ခြံမြေ ၁၀၂ဧက၊ တောင်ယာမြေ ၁၀၉၉ဧက ရှိသည်။ ပလုပ်

စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် စက်တင်ဘာ ၉

အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အနည်းငယ်ရှိမည်။

မိုးအခြေအနေများမှာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၉၀စင်တီမီတာ (၃ ပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် ၃၀စင်တီမီတာ(၁ ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ(၄ ပေ)ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၆၀ စင်တီမီတာ (၂ ပေခန့်) လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၆၀စင်တီမီတာ(၂ ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

တောင်ကြီးခရိုင် ဆို၊က၊ရေး၊တီးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၉

တောင်ကြီးခရိုင် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၆ ရက်တွင် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြသီရိခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ် ၁၃ မြို့နယ်တို့မှ ပြိုင်ပွဲဝင် ၁၁၉ဦးတို့က ပြိုင်ပွဲကဏ္ဍအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မောက်မယ်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြေ ၆၆၁၅ဧကနှင့် မြေလွတ်မြေရိုင်း ၄၇၇၀၃ဧကရှိပြီး အခြားသစ်တောမြေ ၈၇၉၄၉ဧက၊ ကြိုးဝိုင်းသစ်တော ဧက ၃၃၉၃၂၀၊ အခြားမြေ ဧက၈၇၅၃၀ အပါအဝင် စုစုပေါင်း ၆၀၅၂၃၉ဧက ရှိသည်။

အဓိကသီးနှံ

၂၀၀၅-၂၀၀၆ခုနှစ်တွင် အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးမှုအနေဖြင့် လယ်စပါး ၆၂၆၃ဧက၊ ယာစပါး ၂၁၈၂ဧက၊ တောင်ယာစပါး ၈၈၅ဧက စုစုပေါင်း ဧက ၃၁၀၃၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ လယ်စပါးနှင့် တောင်ယာစပါးတို့မှာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့၍ ယာစပါးအနေဖြင့် ၁၆၇၃၇ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှမ်းစပါး ဧက ၂၇၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဓိကသီးနှံ ၁၀မျိုးအနက် အခြားသီးနှံများဖြစ်သည့် မြေပဲ ၂၅၀၅ဧက၊ နှမ်း ၂၆၄၅ဧက၊ ပဲတီစိမ်း တစ်ဧက၊ ပဲစင်းငုံ ၆၈ဧက၊ ကြံ ၄၅၇ဧကနှင့် အစေ့ထုတ်ပြောင်း ၁၀၇၂ဧက စုစုပေါင်း ၃၀၆၃၃ဧကစိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မောက်မယ်-ဝမ်ဟတ်-လင်းခေး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာအုပ်စု မကျိုင်းမွန်းကျေးရွာမှ ဒေသခံတောင်သူများ၏ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လင်းခေးမြို့သို့ ရောက်ရှိကြရာ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်ညွန့်လှိုင်၊ လင်းခေးတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး လင်းခေးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၆၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်မှ ၄ရက် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်မှ ၁၉ရက်အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းလွှာများနှင့်ကြေညာချက်များကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများသို့ ပေးပို့ထားပြီဖြစ်၍ ယင်းရုံးများ၌ ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား မြန်မာ-ကိုရီးယား ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဆရာတော် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေသော မြန်မာ-ကိုရီးယား ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဆရာတော် VEN. MOK TAK သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ ထိုသို့ တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာမူဝါဒကို ၂၀၀၃ခုနှစ်တွင် စတင်ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေးများ ကျန်းမာရေးအခြေအနေ မြင့်တက်လာ ဆေးတက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲပြီးဖြစ်

ရန်ကုန် စက်တင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျနီဗာရုံးချုပ်မှ Dr. Josephine Sauvarin ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel Baker နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာ၌ ကမ္ဘာတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ် သေဆုံးသည့် အမျိုးသမီးများထဲမှ ၉၉ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မီးဖွားစဉ်မိခင်သေဆုံးမှု အကြောင်းအရင်းများတွင် မကျွမ်းကျင်သော လက်သည်ဖြင့် မွေးဖွားခြင်း၊ ကိုယ်ဝန်စောင့်ရှောက်မှု ခံယူမှု မရှိခြင်းတို့ ပါဝင်နေသည်ဖြစ်ရာ မြို့ပေါ်တွင် မွေးဖွားသောကိုယ်ဝန်ဆောင်များအနက် လေ့ကျင့်သင်တန်းပေးပြီးဖြစ်သော ကျွမ်းကျင်သူလက်သည်များဖြင့် မွေးဖွားခြင်း ၉၀ရာခိုင်နှုန်းရှိသော်လည်း ကျေးလက်တောရွာများတွင် ၅၀ရာခိုင်နှုန်းထက် လျော့နည်းသည်ကို တွေ့ရှိရကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ မူဝါဒများကို ၂၀၀၃ ခုနှစ်တွင် စတင်အစပျိုး ဆောင်ရွက်ခဲ့ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ ကျန်းမာရေးအခြေအနေ မြင့်တက်လာခဲ့ကြောင်း၊ မီးယပ်နှင့်သားဖွားဆိုင်ရာပညာရပ်များ ကျယ်ပြန့်စွာ တိုးတက်လာရေးအတွက် ဆေးတက္ကသိုလ်များသည် မိမိတို့ သင်ရိုးညွှန်းတမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ၊ ခေတ်နှင့်အညီ ပြန်လည်ပြုပြင် ရေးဆွဲပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ သင်ရိုးညွှန်းတမ်းများ ပြုပြင်ရေးဆွဲသည့်အခါ ခေတ်မီ သင်ကြားရေးနည်းစနစ်များ အသုံးပြု၍ စဉ်ဆက်မပြတ် ပြုပြင်ရေးဆွဲရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel Baker တို့က အသီးသီး အမှာစကား ပြောကြားကြသည်။

ယင်းဆွေးနွေးပွဲသို့ ကျန်းမာရေး ဦးစီးဌာန မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာစီမံချက်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ကျွမ်းကျင်သူပညာရှင်များ၊ ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ သားဖွားမီးယပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ ဆေးရုံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ သားဖွားမီးယပ် ပညာရှင်များနှင့် သူနာပြုအုပ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တိုင်းရင်းဆေးပညာဦးစီးဌာန၌ ကျင်းပသည့် တုပ်ကွေးရောဂါ ကာကွယ်ကုသရေး ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (ကျန်းမာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၅ (စနေနေ့)

၁၃၆၇ခုနှစ်၊ တော်သလင်းလဆန်း(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ သံလွင်မြစ်နဒီ လက်ခုပ်သံဝေစီ

၈:၂၀ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Islands of Dhamma.

၈:၅၀ ၁၀။ ဘဒ္ဒန္တ တေဇနိယ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ရေနံချောင်းမြို့ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁၂:၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၃၆)**

၁:၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁:၂၅ ၈။ **လောကနီတိ(၃) "အမေ့သား" (မင်းမော်ကွန်း၊ပြေတီဦး၊ စိုးမြတ်နန္ဒာ၊စန်းစန်းဝင်း) (ဒါရိုက်တာ-ခင်ဇော်)**

၂:၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၁၅ ၁၀။ အသက်(၁၇)နှစ်အောက် အာဆီယံ လူငယ်ဘောလုံး ဂုဏ်ပြုအစီအစဉ်

၂:၂၅ ၁၁။ တေးဂီတအစီအစဉ်

၂:၄၀ ၁၂။ **"တန်ဖိုး" (ညီညီနေနိုင်၊လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)**

၂:၄၅ ၁၃။ International News.

၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မာစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၂)လှိုင်သာယာ (အမျိုးသားဝတ်ရွတ်အဖွဲ့)

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**

၅:၁၅ ၆။ အကပြိုင်ပွဲ

၅:၃၀ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသမီး)**

၅:၄၀ ၈။ အတီးပြိုင်ပွဲ

၅:၅၅ ၉။ တေးဂီတအစီအစဉ်

၆:၁၀ ၁၀။ မြန်မာစာ၊မြန်မာစကား

၆:၂၀ ၁၁။ တေးဂီတအစီအစဉ်

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း-၅)**

၇:၃၅ ၁၅။ ရေလယ်ပေါ်ထွန်း ကျိုက်မော်ဝန်းစေတီတော်

၇:၄၅ ၁၆။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၆)**

၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongqing Metals & Minerals Import/Export Corporation **မှ** President, Ms. Yuan Chang Yu**နှင့်အဖွဲ့သည် ယမန်နေ့ ညနေ၆နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။** (ဓါတ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးဝင်းအတွင်းရှိ ရေကန်ငယ်အတွင်း ထားရှိသော ကရဝိက်ဖောင်ငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကမ္ဘောဇသာဒီနန်းတော် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ညွှန်ကြားရေးမှူးဒေါ်စန္ဒာခင် တို့ လိုက်ပါ၍ ယနေ့နံနက် ၈နာရီတွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိပြီး မြေနန်းပြာသာဒ်ဆောင်တော်၌ ခင်းကျင်းထားရှိမည့် ဘုရင့်နောင်မင်းတရားကြီး စီးနင်းတော်မူခဲ့သော မြင်း ၁၆ကောင်ကသည့် ရထားပုံစံငယ် ထုလုပ်နေမှုကိုလည်းကောင်း၊ နေရာတော်ခင်းအနေအထားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာမှုပညာရှင် ဦးဝင်းက ရှင်းလင်းတင်ပြ၍ ဝန်ကြီးက အတိုင်းအတာမှန်ကန်ရေး၊ နေရာတော်ချထားမှုကို ပညာရှင်များ၏ သမိုင်းအထောက်အထားများ တိကျမှန်ကန်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကမ္ဘောဇသာဒီနန်းတော်ဝင်းရှိ ရေကန်ငယ်အတွင်း ဆောင်ရွက်ထားရှိသော ကရဝိက်ဖောင်ငယ်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသယဉ်ကျေးမှုဗဟိုဌာန (ACCU) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေးနှင့် အာရှမူပိုင်ခွင့် လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မူပိုင်ခွင့် ဗဟုသုတတိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီး

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်ဂျပန်နိုင်ငံအာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေးနှင့် "အာရှမူပိုင်ခွင့်လက်စွဲ"စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပရာ ယခင်နေ့များက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU) မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ စာတမ်းရှင်များနှင့် ဆွေးနွေးပွဲ အကြံပေးပုဂ္ဂိုလ်များ ပါဝင်သော အစုအဖွဲ့နှစ်ဖွဲ့၏ ဆွေးနွေးခဲ့ကြသော မူပိုင်ခွင့်ပြဿနာများနှင့် စပ်လျဉ်းသည့် ဆွေးနွေးအကြံပြုချက်များ၊ မေးမြန်းချက်များကို အစုအဖွဲ့နှစ်ဖွဲ့မှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက်အစုအဖွဲ့နှစ်ဖွဲ့၌ ပါဝင်ဆွေးနွေးကြသူများသည် မြန်မာမူပိုင်ခွင့် ဗဟုသုတလက်စွဲစာအုပ်တွင် ထည့်သွင်းရန် ဆွေးနွေးရရှိသော အချက်များကို အခြေပြု၍ မူပိုင်ခွင့် အသိပွားများရေးအတွက် လက်တွေ့အကောင်အထည်ဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် စုပေါင်းဆွေးနွေးအကြံပြုကြပြီး ဝိုင်းဝန်းညှိနှိုင်းဆုံးဖြတ်အတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးမျိုးသန့်(မောင်ဆုရှင်) နှင့် ACCU မှ ညွှန်ကြားရေးမှူး Ms. Ohnuki Misako တို့က ဆွေးနွေးပွဲ သုံးသပ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ACCU မှ ညွှန်ကြားရေးမှူး Ms. Ohnuki Misako၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ပါဝင်ဆွေးနွေးသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူများနှင့် အထူးဧည့်သည်တော်များအား ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Sakura Tower ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယမန်နေ့ နံနက် ၉နာရီက မူပိုင်ခွင့် ဗဟုသုတတိုးပွားရေးနှင့် "အာရှမူပိုင်ခွင့်လက်စွဲ"စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ စာတမ်းရှင်များနှင့် ဆွေးနွေးပွဲ အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အလုပ်ရုံ ဆွေးနွေးပွဲကို အစုအဖွဲ့နှစ်ဖွဲ့ခွဲ၍ မြန်မာမူပိုင်ခွင့် ဗဟုသုတ လက်စွဲစာအုပ်တွင် ထည့်သွင်းရန် အချက်အလက်များ ရရှိရေးကို ဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

ဆွေးနွေးပွဲတွင် အစုအဖွဲ့နှစ်ဖွဲ့လုံး၌ ပါဝင်ဆွေးနွေးကြသူများက မူပိုင်ခွင့် ပြဿနာများနှင့် စပ်လျဉ်းသည့် စာပေရေးသားမှု၊ စာပေထုတ်ဝေမှု၊ တေးဂီတဖွဲ့ဆိုမှု၊ တေးဂီတသုံးစွဲမှု၊ ဗီဒီယိုနှင့်ဓာတ်လမ်းများ ဝယ်ယူအသုံးပြုမှုနှင့် နိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေများအရ အဆင်ပြေစွာ သုံးစွဲနိုင်မှု အကြောင်းအရာများကို အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် စာတမ်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ အကြံပေးပုဂ္ဂိုလ်များက အစုအဖွဲ့များမှ တစ်ဦးချင်း ဆွေးနွေးအကြံပြုချက်များအပေါ် အစုအဖွဲ့ဝင်အားလုံးနှင့် ညှိနှိုင်းလျက် ခေါင်းစဉ် သီးခြားအောက်တွင် ထားရှိပြီး ပါဝင်ဆွေးနွေးသူများ၏ သိလိုသည့်အချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးဆုံးသည့်နောက်ပိုင်း၌ မြန်မာဘာသာဖြင့်ထုတ်ဝေမည့် "အာရှ မူပိုင်ခွင့်လက်စွဲ"စာအုပ်တွင် မူပိုင်ခွင့် ဗဟုသုတတိုးပွားရေးအတွက် အကြောင်းရပ် ဆက်စပ်သောအကြောင်းအရာများကို ဖြည့်စွက်၍ ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (အခြေခံပညာအဆင့်) ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်က မော်လမြိုင်မြို့ အထက(၈)ယင်းမာခန်းမတွင် ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က အဆိုပြိုင်ပွဲတွင် ဆုရရှိသည့် မလှိုင်းအိခိုင် (အလက-၄)အား ဆုချီးမြှင့်စဉ်။ (၂၅၇)

ဂျာမနီနိုင်ငံတကာ ရုပ်သံအစီအစဉ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့် လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၉

ဂျာမနီနိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW)မှ ထုတ်လွှင့်နေသော ရုပ်သံအစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့်ဖမ်းယူပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ဂျာမနီနိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ဂျာမနီ နိုင်ငံတကာရုပ်မြင်သံကြား Deutsche Welle (DW)မှ ထုတ်လွှင့်နေသော ရုပ်သံအစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့်ဖမ်းယူပြီး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့် သဘောတူညီချက်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဂျာမနီနိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံရုပ်သံအစီအစဉ်များ ဖမ်းယူထုတ်လွှင့်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။ (သတင်းစဉ်)

စက်တင်ဘာ ၈ရက်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် စာအုပ်နှင့် စာရေးကိရိယာများကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မလွှကုန်းမီးရထားရပ်ကွက် ဓမ္မရက္ခိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏဓဇထံ ဆက်ကပ်လှူဒါန်းစဉ်။ (၃၂)

သုံးမျိုးစုံအားကစားပြိုင်ပွဲ လူရွေးပွဲကျင်းပမည် ပြိုင်ပွဲဝင်များအား ဦးစားပေးမောင်းနှင်

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ (TRIATHLON) သုံးမျိုးစုံအားကစားပြိုင်ပွဲ လူရွေးပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ခန်းမအနီးရှိ ဖူဂျီကော်ဖီဆိုင်ရှေ့မှ တာလွှတ်မည်ဖြစ်သည်။

ရေကူးမီတာ ၁၅၀၀နှင့် စက်ဘီးကီလိုမီတာ ၄၀ လူရွေးပွဲကို ဖူဂျီစားသောက်ဆိုင်ရှေ့မှ တာလွှတ်ပြီး ကန်တော်ကြီး ညာပတ်လမ်းအတိုင်း ဗဟန်းအဝိုင်းမှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်း ရှစ်မိုင်လမ်းဆုံမှ ကွေ့၍ ပြည်လမ်းအတိုင်း အမှတ်(၉၈၁) ယန္တရားအလုပ်ရုံအနီးမှ ပြန်လှည့်ကာ လာရာလမ်းအတိုင်း နဝဒေးရုပ်ရှင်ရုံရှေ့တွင် ပန်းဝင်မည်ဖြစ်သည်။

အပြေး

အပြေး ၁၀ကီလိုမီတာ လူရွေးပွဲကို နဝဒေးရုပ်ရှင်ရုံရှေ့မှ တာလွှတ်ကာ ကမ္ဘာအေးစေတီလမ်းအတိုင်း မြေပဒေသာကျွန်းမှ ကန်တော်ကြီး ညာပတ်လမ်းအတိုင်း ဂိတ်အမှတ်(၂)မှ ဝင်၍ ကရဝိက်နန်းတော်ရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

အဆိုပါ လမ်းကြောင်းများတွင် ပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ရှိသည့်အခါ မော်တော်ယာဉ်များ၊ အနှေးယာဉ်များ၊ လမ်းသွားလမ်းလာများ အနေဖြင့် ဦးစားပေး မောင်းနှင်ကြရန် ပြိုင်ပွဲကျင်းပရေးကော်မတီက မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

ဂျာမနီနိုင်ငံတကာရုပ်မြင်သံကြား Deutsche Welle(DW)မှ ထုတ်လွှင့်နေသော ရုပ်သံအစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့်ဖမ်းယူပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့် သဘောတူညီချက်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဂျာမနီနိုင်ငံတကာရုပ်မြင်သံကြား Deutsche Welle(DW)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက်က ကျင်းပရာ ၁၀နှစ်ဆက်တိုက် ခွင့်မယူ ရက်မပျက်ဆုရရှိသော မူလတန်းပြဆရာမ ဒေါ်လှသူဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။

(က-ပ)

ကရာတေးဒိုနည်းစနစ်သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ကရာတေးဒို နည်းစနစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းသင်တန်းသို့ ဝန်ကြီးဌာနငါးခု၊ ပြည်နယ်နှင့်တိုင်း ၁၆ခုနှင့် ကလပ်အသင်း ၁၀ခုတို့မှ သင်တန်းသား ၄၈ဦး၊ သင်တန်းသူ ၁၁ဦး စုစုပေါင်း ၅၉ဦးတို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများအား ကရာတေးဒိုနည်းစနစ်များကို ဂျပန်နိုင်ငံမှ Mr. Takuya Taniyama က လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဥရောပဇုန် ခြေစစ်ပွဲများယှဉ်ပြိုင်ကစား မြောက်ပိုင်းအိုင်ယာလန်က အင်္ဂလန်ကိုအနိုင်ရရှိ

ဘဲလ်ဖတ်စ် စက်တင်ဘာ ၉

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲများကို ဗုဒ္ဓဟူးနေ့က ကျင်းပရာ ဥရောပဇုန် အုပ်စု(၆)တွင်ပါဝင်သည့် မြောက်ပိုင်းအိုင်ယာလန်နှင့်အင်္ဂလန်တို့၏ပွဲတွင် မြောက်ပိုင်းအိုင်ယာလန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၇၃မိနစ်တွင် မြောက်ပိုင်းအိုင်ယာလန်တိုက်စစ်မှူးဒေးဗစ်အီလီက ဂိုးသွင်းနိုင်ခဲ့သည်။ ၁၉၂၇ခုနှစ်နောက်ပိုင်း ဘဲလ်ဖတ်စ်တွင် အင်္ဂလန်အသင်းအပေါ် မြောက်ပိုင်းအိုင်ယာလန်အသင်းက အနိုင်ရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ မြောက်ပိုင်းအိုင်ယာလန်အသင်းသည် အင်္ဂလန်အသင်းနှင့် နိုင်ငံတကာပွဲပေါင်း ၉၈ပွဲကစားခဲ့ရာတွင် ခုနစ်ပွဲသာလျှင် အနိုင်ရရှိခဲ့ဖူးသည့် အစဉ်အလာရှိသည်။

နယ်သာလန်-အင်ဒိုရာ

ဥရောပဇုန် အုပ်စု(၁)တွင်ပါဝင်သော နယ်သာလန်အသင်းနှင့် အင်ဒိုရာအသင်းတို့ နယ်သာလန်နိုင်ငံ အိန့်ဟိုဗင်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ၌ နယ်သာလန်အသင်းက လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

နယ်သာလန်အသင်းသည် ဂိုးသွင်းခွင့် ၃၂ကြိမ်ရရှိခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု ၈၄ရာခိုင်နှုန်းရှိခဲ့ရာ တစ်ဖက်အသင်းအပေါ် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။

ပွဲချိန် ၂၃မိနစ်တွင် ရာဖေးဗန်ဒါရာဗာယက်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လေးမိနစ်အကြာတွင် အင်ဒိုရာအသင်းမှ အင်တိုနီလီမာက ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည်။

နယ်သာလန်အသင်းမှ ဖီးလစ်ကိုဘူးသည် ပွဲချိန် ၃၈ မိနစ်တွင် အင်ဒိုရာအသင်းမှ ဘောလုံးသမားတစ်ဦးကိုတံတောင်နှင့် တွန်းတိုက်ခဲ့သဖြင့် ထုတ်ပယ်ခံရသဖြင့် ၁၀ ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။

ပထမပိုင်းမပြီးမီတွင် ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက နယ်သာလန်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။ နစ္စတယ်လ်ရွိုင်းသည် ပွဲချိန် ၈၉ မိနစ်တွင် ၎င်း၏ ဒုတိယမြောက်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အီတလီ - ဘီလာရုစ်

ဘီလာရုစ်နိုင်ငံ မင့်စ်ခ်မြို့တွင် ကျင်းပသော အုပ်စု(၅)ခြေစစ်ပွဲတွင် အီတလီအသင်းက ဘီလာရုစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲတွင် လူကာတိုနီ တစ်ဦးတည်းက သုံးဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ပွဲချိန် ခြောက်မိနစ်၊ ၁၄ မိနစ် နှင့် ၅၅ မိနစ်တို့တွင် ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြင့် hat-trick ရရှိသည်။

ပွဲချိန် လေးမိနစ်တွင် ဘီလာရုစ်အသင်းမှ ဗိုက်တယ်လီကူတူဇော့က အမှတ်မထင် ဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် အီတလီအသင်းက နောက်နှစ်မိနစ်အကြာတွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အီတလီအသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သူမှာ အာဂျင်တီးနားဇာတိဖွား ဂျူဗင်တပ်စ်အသင်းမှ တောင်ပံကစားသမား ကမ်မိုရာနီစီဖြစ်သည်။

အခြားပွဲရလဒ်များ

အိုင်ယာလန်သမ္မတနိုင်ငံ	၀	- ပြင်သစ်	၁
နော်ဝေး	၁	- စကော့တလန်	၂
ပိုလန်	၁	- ဝေလ	၀
စပိန်	၁	- ဆာဘီးယားနှင့်မွန်တီနီဂရိုး	၁
ချက်သမ္မတနိုင်ငံ	၄	- အာမေးနီးယား	၁
ဒိန်းမတ်	၆	- ဂျော်ဂျီယာ	၁
ဘယ်လ်ဂျီယံ	၈	- ဆန်မာရီနို	၀
ရုရှား	၀	- ပေါ်တူဂီ	၀
ဟန်ဂေရီ	၀	- ဆွီဒင်	၁
ဆိုက်ပရပ်	၁	- ဆွစ်ဇာလန်	၃
ယူကရိန်း	၀	- တူရကီ	၁
ဖင်လန်	၅	- မက်ဆီဒိုးနီးယား	၁
လစ်သူယေးနီးယား	၀	- ဘော့စနီးယား	၁
မော်လ်တာ	၁	- ခရိုအေးရှား	၁
ဖာရိုကျွန်းစု	၀	- အစ္စရေး	၂
ကာဇက်စတန်	၁	- ဂရိ	၂
လတ်ဗီးယား	၁	- ဆလိုဗက်ကီးယား	၁
မော်လဒိုဗာ	၁	- ဆလိုဗေးနီးယား	၂
လီချက်စတိန်း	၃	- လူဇင်ဘတ်	၀
ဘူလ်ဂေးရီးယား	၃	- အိုက်စ်လန်	၂
အဇာဘိုင်ဂျန်	၀	- ဩစတြီးယား	၀

အမ်အင်အေ၊ရိုက်တာ။

မြိတ်နှင့် ထားဝယ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၉

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် စည်းရုံးရေး(အခြေခံ)သင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီးနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကျွဲကူး-ကျောက်ဖျာတံတားအနီး မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြိတ်မြို့သစ် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လောလောကျေးရွာရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် သာထူးအောင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရေငန်ပုစွန်မွေးမြူထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ချီးမြှင့်

ဩဂုတ် ၂၃ ရက်နံနက် ၈ နာရီတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်အားပေးပြီး အသင်းလိုက်ပထမဆုရရှိသော အသင်းအားတံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မြိတ်မြို့ ရွှေဒူးကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း အသုံးချသုတေသနဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ရွှေဒူး)ရှိ ရော်ဘာသုတေသနနှင့်မျိုးပွားခြံသို့လည်းကောင်း၊ မြိတ်တက္ကသိုလ်ပင်မ အဆောက်အအုံ ဆောက်လုပ်နေမှုကို လည်းကောင်း၊ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သားဖွားနှင့်မီးယပ်ဆေးရုံကြီးတို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ကျွန်းစုမြို့သို့ သွားရောက်၍ နယ်မြေခံတပ်နယ် တနင်္သာရီခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ကတပ်နယ်ရှိ အခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ်လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ် ဒါဇင် ၂၀၀ နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပညာရေးမှူး ဦးထွန်းလင်းက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဓမ္မာရုံ၌ ရပ်ကွက်များမှ သက်ကြီးရွယ်အို အဘိုးအဘွား ၄၁ ဦးတို့အား ဝတ်စုံနှင့်ဆေးဝါးများ ပေးအပ်လှူဒါန်း၍ အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့်အတူ ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံရှိ လူနာများအားဆေးဝါးများနှင့် မျက်မှန်များ လှူဒါန်းကြသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ကျွန်းစုမြို့နယ် ကတ္တလုချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အမှာစကားပြောကြား

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ထားဝယ်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများသည် ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပုဖွန်တောင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေခံ(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၄ ရက်က မြို့နယ်အသင်းရုံး၌ ပြုလုပ်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်မောင်သော်က သင်တန်းထူးချွန်ဆုရ ဒေါ်ခင်လေးလှိုင်အား ဆုချီးမြှင့်စဉ်။ (၂၃)

အိမ်မဲမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးစတင်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁ရက် (အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့)တွင် အိမ်မဲမြို့သာသနာ့ဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။ အထိမ်းအမှတ် ပို့စကတ်ထုတ်ဝေခြင်းနှင့် အသင်း၏ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပခြင်းကိုပါ ပူးတွဲဆောင်ရွက်မည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)ပြည့် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများစာရင်းကို ပေးပို့ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဦးမြသန်း ဖုန်း-၀၄၅-၂၁၆၉၄၊ အတွင်းရေးမှူးဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်သာယာလှပရေးအတွက် ပန်းအလှပင် စိုက်ပျိုးခြင်း၊ပေါင်းမြက်ရှင်းလင်းခြင်းတို့ကိုဩဂုတ်၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ တာဝန်ခံအင်ဂျင်နီယာဦးစိုးနိုင်နှင့်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉-၉-၂၀၀၅)

စစ်တွေ
၄ ဒသမ ၀၆ လက်မ
နမ့်ဆန်
၃ ဒသမ ၄၂ လက်မ
အောင်လံ
၂ ဒသမ ၂၈ လက်မ
ညောင်ဦး
၁ ဒသမ ၈၅ လက်မ
မင်းဘူး
၁ ဒသမ ၅၇ လက်မ
ကိုကိုးကျွန်း
၁ ဒသမ ၅၀ လက်မ
မကွေး
သုည ဒသမ ၅၉ လက်မ
ပျဉ်းမနား
သုည ဒသမ ၇၈ လက်မ

ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက် ၁၆၂ နေ ဦးလှခိုင်-ဒေါ်သန်းတင်တို့အားအမှူးထား၍ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ဘောဘီခိုင်၊ သား မောင်ဇော်အောင်ချို၊ သမီး မရည်မွန်အောင်မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားစေတီရံတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မုတ်သုံလေအားနည်း

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့ကဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၁၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်မည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် - သောတာပန်စိတ်ထား အင်္ဂါ (၇)ပါး**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် -Measure of Dispersion.(ပထမနှစ်-စီးပွားရေးပညာ)**
- **၅:၃၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၁၆)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **English Premier League ဘောလုံးပွဲ Middlesbrough Vs Arsenal (Live)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

စစ်တက္ကသိုလ်ဗိုလ်လောင်း၊တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင်** အောက်ပါအတိုင်းဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီထိ။**
(၂)	**ဇီဝဗေဒ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီထိ။**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင်** အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီထိ။**
(၂)	**သင်္ချာ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီထိ။**

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင်** အောက်ပါအတိုင်းဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီထိ။**
(၂)	**သင်္ချာ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီထိ။**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က) **မြစ်ကြီးနားမြို့** တပ်နယ်ခန်းမ။
(ခ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** သံလွင်ခန်းမ၊
(င) **မော်လမြိုင်မြို့** ရွှေနတ်တောင် တပ်မတော် အထက။
(စ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဆ) **စစ်တွေမြို့** ဇမ္ဗူလခန်းမ။
(ဇ) **မုံရွာမြို့** အထက (၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ) **မန္တလေးမြို့** အထက (၁၈) နန်းတွင်း။
(ည) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဋ) **ရန်ကုန်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၀၀၀) အထိ- အထက (၂) မင်္ဂလာဒုံ။
(ခခ) ခုံအမှတ် (၁၀၀၁) မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- အထက (၂) မင်္ဂလာဒုံ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- အထက (၂) မင်္ဂလာဒုံ။
(ဌ) **ပုသိမ်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၅၀) အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။
(ခခ) ခုံအမှတ် (၂၅၁) မှ နောက်ပိုင်း-တပ်နယ်အားကစားရုံ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- တိုင်းစစ်ဌာနချုပ်ခန်းမ၊
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- တိုင်းစစ်ဌာနချုပ်ခန်းမ၊

၃။ မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့် ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်း မရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော မစ္စတာ ဘာစကား ကူးမား မီထရာက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဘာစကား ကူးမား မီထရာသည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘာစကား ကူးမား မီထရာအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



ဒေသတွင်း မြေလွတ်မြေရိုင်းများတွင် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်း

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ဒေသခံပြည်သူများအား စည်းရုံးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၇ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါ၍ တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မိုးစပါးကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီး–ဟိုပုံး ကားလမ်း တစ်လျှောက်ရှိ လမ်းဘေး ဝဲ/ယာတို့၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဟိုပုံး–မိုင်းပွန် ကားလမ်းတစ်လျှောက်ရှိ လမ်းဘေး ဝဲ/ယာတို့၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် မိတ္ထီလာ–တောင်ကြီး–လွိုင်လင်ကားလမ်း ပေ ၃၀ အကျယ် လမ်းပိုင်းချဲ့ထွင်ထားရှိပြီး လမ်းပိုင်းများ မိုးရာသီတွင် မပျက်စီးရေးအတွက်ထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိုင်းပွန်မြို့သို့ ရောက်ရှိကြပြီး မိုင်းပွန်မြို့အထွက်၌ ရွှေရင်အေးစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုတို့ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳